## အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၁)

# ဖိနှိပ်ဖြိုခွဲမှု၏ ကိုယ့်ရှူးကိုယ်ပတ်တတ်သော သဘောတရား

### ဆိုလိုရင်းအနှစ်ချုပ်


ဖိနှိပ်ဖြိုခွဲမှုပြင်းထန်လာရင် လူထုအုံကြွမှုတွေ အရှိန်လျော့သွားသလား၊ ဒါမှမဟုတ် လူထုလှုပ်ရှားမှုကို ပိုပြီး ရဲစိတ်၊ အောင်စိတ် အားကောင်းလာစေပြီး ဖိနှိပ်သူအာဏာရှင်တွေရဲ့ အာဏာကိုင်စွဲအုပ်ချုပ်ခွင့် နိဂုံးချုပ်သွားမလားဆိုတာ သုတေသီတွေအတွက် မေးခွန်းတရပ် ဖြစ်နေခဲ့တာကြာပါပြီ။ သမားရိုးကျအမြင်မှာတော့ ဖိနှိပ်ဖြိုခွဲရင် ငြိမ်ဝပ်ကျသွားမယ်လို့ ယူဆကြပါတယ်။ ဒါပေမဲ့ သုတေသီ Brian Martin ကတော့ ဖိနှိပ်ဖြိုခွဲမှုတွေမှာ ကိုယ်ရှူးကိုယ်ပတ်တတ်တဲ့သဘာဝ (Backfire) ရှိတယ်လို့ ထောက်ပြပါတယ်။ ဖိနှိပ်ဖြိုခွဲမှုကြောင့် ကိုယ့်ရှူးကိုယ်ပတ်တာဖြစ်အောင်၊ ဒါမှမဟုတ် မဖြစ်အောင်လုပ်တဲ့ လုပ်ငန်းစဉ်တွေကို လေ့လာသလို၊ ကိုယ့်ရှူးကိုယ်ပတ်တဲ့ ရလဒ်အကြောင်းလည်း လေ့လာပါတယ်။ ထင်ရှားတဲ့ သုတေသီ Erica Chenoweth က ဖိနှိပ်ဖြိုခွဲမှုကြောင့် ဖိနှိပ်သူတွေမှာ ကိုယ်ရှူးကိုယ်ပတ်ဖြစ်ရတဲ့ အကြောင်းကို ၁၉၄၆ ခုနှစ်ကနေ ၂၀၀၆ ခုနှစ်အတွင်း ပေါ်ပေါက်ခဲ့တဲ့ အကြမ်းမဖက် လူထုလှုပ်ရှားမှုပေါင်း ၁၀၀၊ အချိန်နဲ့ ပိုင်းဖြတ်လေ့လာတာကြောင့် လေ့လာချက်ဖြစ်ရပ်ပေါင်း ၃၄၂ ခုကို အရေအတွက်အခြေပြု သုတေသနနည်းနဲ့ လေ့လာခဲ့ပါတယ်။

ဒီလိုလေ့လာရာမှာ ဖိနှိပ်ဖြိုခွဲမှုကြောင့် ဖိနှိပ်သူတွေအတွက် ကိုယ့်ရှူးကိုယ်ပတ်ဖြစ်စေတဲ့ အကြောင်းတွေအနက် သုံးချက်ဟာ အထောက်အထားတွေအရ အဆုံးအဖြတ်အပေးဆုံးဖြစ်တယ်လို့တွေ့ရှိပါတယ်။ ဒါတွေကတော့ (၁) လူထုလှုပ်ရှားမှုရဲ့ အင်အားကြီးမားတဲ့ အရွယ်အစားပမာဏ (ဥပမာ - ဆန္ဒပြသူ လူတသန်းအထက်ရှိတာ )နဲ့ တိုက်ပွဲပုံစံမျိုးစုံနဲ့ ခွဲလှုပ်ရှားနိုင်မှု၊ (၂) လုံခြုံရေးတပ်ဖွဲ့တွေပဲဖြစ်ဖြစ်၊ ဖိနှိပ်သူ ခေါင်းဆောင်မှုထဲမှာပဲဖြစ်ဖြစ် အရပ်သား အုပ်ချုပ်ရေးယန္တရားမှာပဲဖြစ်ဖြစ် လူထုလှုပ်ရှားမှုဘက်ကို ဘက်ပြောင်းလာမှုနဲ့ (၃) ဖိနှိပ်တဲ့အစိုးရကို နိုင်ငံရေး၊ စီးပွားရေး၊ သံတမန်ရေးနဲ့ စစ်ရေးတွေအရ ကျောထောက်နောက်ခံပေးထားတဲ့ အင်အားကြီးနိုင်ငံက ထောက်ခံတာ ရပ်ဆိုင်းပစ်မှုတွေပဲ ဖြစ်ပါတယ်။ ဒီအကြောင်းသုံးချက်ပေါင်းဆုံရင် လူထုလှုပ်ရှားမှုတွေရဲ့ အောင်မြင်နိုင်ခြေဟာ ၈၅ ရာခိုင်နှုန်းရှိတယ်လို့ တွေ့ရပါတယ်။ အင်အားကြီးနိုင်ငံက ဖိနှိပ်တဲ့အစိုးရကို ဆက်ထောက်ခံနေစေကာမူ၊ အုပ်စိုးသူတွေထဲက ဘက်ပြောင်းလာတာ မရှိစေကာမူ လူထုလှုပ်ရှားမှုက အင်အားကြီးနေတယ်ဆိုရင် အောင်မြင်နိုင်ခြေက ၂၀ ရာခိုင်နှုန်းအထက်ရှိနေသေးတယ်လို့ ဆိုပါတယ် **(ပုံကားချပ်ကို ကြည့်ပါရန်)**။

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်က ဖြစ်ခဲ့တဲ့ စစ်အာဏာသိမ်းမှုနောက်ပိုင်း မတရားမှုကို လက်မခံလိုတဲ့ ပြည်သူများရဲ့ ဆန္ဒထုတ်ဖော်ကန့်ကွက်မှုတွေ တနိုင်ငံလုံး ပေါ်ပေါက်လာပါတယ်။ ဒီလိုဆန္ဒထုတ်ဖော်မှုတွေကို စစ်အာသိမ်းကောင်စီက အစောပိုင်းမှာ ခွင့်ပြုထားခဲ့သယောင်ရှိခဲ့ပေမဲ့ နောက်ပိုင်းမှာတော့ အကြမ်းဖက် အင်အားသုံး ဖြိုခွင်းတာတွေ ပြုလုပ်လာခဲ့ပါတယ်။ ဒီလို အင်အားသုံးအကြမ်းဖက် ဖြိုခွင်းမှုတွေကြောင့် မတ် ၄ ရက်အချိန်အထိ အနည်းဆုံး လူ ၅၀ ဦးထက်မနည်း သေဆုံးခဲ့ရသလို၊ လူ့အခွင့်ရေးနဲ့ လူ့ဂုဏ်သိက္ခာ ချိုးဖောက်ခံရမှုများစွာ ဖြစ်ခဲ့တာကိုလည်း သတင်းဌာနတွေနဲ့ ဆိုရှယ်မီဒီယာမှာ ဖော်ပြခဲ့ကြတဲ့ ရုပ်သံမှတ်တမ်းတွေက သက်သေပြနေပါတယ်။

## အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၁)

ဖိနှိပ်ဖြိုခွဲမှု၏ ကိုယ့်ရှူးကိုယ်ပတ်တတ်သော သဘောတရား




••••• ကျောထောက်နောက်ခံ နိုင်ငံကြီး (ဝါ) အုပ်စိုးသူများထံမှ ဘက်ပြောင်းထောက်ခံမှု မရှိခြင်း

—— ကျောထောက်နောက်ခံ နိုင်ငံကြီးမှ ထောက်ခံမှု ရပ်ဆိုင်းပစ်ခြင်း

– – ကျောထောက်နောက်ခံ နိုင်ငံကြီးမှ ထောက်ခံမှု ရပ်ဆိုင်းခြင်း (ဝါ) အုပ်စိုးသူများထဲမှ ဘက်ပြောင်း ထောက်ခံလာခြင်း

ပုံကားချပ် — လူထုထောက်ခံမှု အရွယ်အစား၊ ဖိနှိပ်သူ အစိုးရ၏ နိုင်ငံတကာမဟာမိတ်နှင့် ပြည်တွင်း လုံခြုံရေး/အရပ်ဘက်တို့မှ ဘက်ပြောင်းထောက်ခံခြင်းတို့၏ လူထုလှုပ်ရှားမှု အောင်ပွဲအပေါ် သက်ရောက်နိုင်ခြေပြပုံ။ (Erica Chenoweth ၏ figure ကို ပြန်ကူးဆွဲသည်။)

**အကြောင်းသုံးချက် ပေါင်းဆုံရင် လူထုလှုပ်ရှားမှုတွေရဲ့ အောင်မြင်နိုင်ခြေဟာ ၈၅ ရာခိုင်နှုန်းရှိတယ်လို့ တွေ့ရပါတယ်။**

## အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၁)

ဖိနှိပ်ဖြိုခွဲမှု၏ ကိုယ့်ရှူးကိုယ်ပတ်တတ်သော သဘောတရား

### ဘာကြောင့် အလေးထားသင့်သလဲ

အကြောင်းချက်သုံးရပ်ပေါင်းဆုံဖို့ ဘာတွေလုပ်ရင်ရတယ်ဆိုတာကို ဖြစ်ရပ်ပေါင်းများစွာကနေ စစ်ဆေးတွေ့ရှိထားတာဖြစ်လို့ ဒီ ကိုယ်ရှူးကိုယ်ပတ်သဘောတရားကို အလေးထားလေ့လာသင့်တာပါ။ ဥပမာ - နိုင်ငံတကာဖိအား၊ ပြစ်ဒဏ်ခတ်မှုဆန်ရှင်တို့၊ အုပ်စိုးသူရဲ့ ဖိနှိပ်ကြမ်းကြုတ်မှုတို့ကြောင့် အုပ်စိုးသူတွေဘက်ကနေ လူထုဘက်ကို ဘက်ပြောင်းတာမျိုးဖြစ်တာ မတွေ့ရဘူး။ ဖိနှိပ်ဖြိုခွဲနေတဲ့အချိန်မှာ လူထုလှုပ်ရှားမှုက အားလျော့မသွားတာ၊ နည်းနာ ပိုကြွယ်လာနေတာနဲ့ ဒီဖြစ်ရပ်တွေကို ပြည်တွင်းသတင်းတွေမှာ (ဥပမာ - လူမှုသတင်းကွန်ရက်တွေမှာ) လူတိုင်းမြင်နေသိနေရတာကိုဖုံးထားလို့မရဘူးဆိုတာသိလာနေပြီဆိုရင်အုပ်စိုးသူတွေဘက်ပြောင်းတာ၊ လူထုဘက်ပူးပေါင်းလာတာ ဖြစ်တယ်ဆိုတဲ့ တွေ့ရှိချက်မျိုးဟာ အလေးထားသင့်ပါတယ်။ အလားတူပဲ ကြီးမားလှတဲ့ လူထုလှုပ်ရှားမှုအကြောင်းကို နိုင်ငံတကာမီဒီယာတွေမှာ ဆက်တိုက်ဖော်ပြလာနေပြီဆိုရင် ဖိနှိပ်တဲ့အစိုးရကို အင်အားကြီးနိုင်ငံကြီးရဲ့ ကျောထောက်နောက်ခံပေးမှု ရပ်ဆိုင်းသွားတတ်ပါတယ်။ တခါ ကျောထောက်နောက်ခံပေးနေတဲ့ နိုင်ငံကြီးဟာ လူထုလှုပ်ရှားမှုမှာ ခေါင်းဆောင်ခိုင်ခိုင် မာမာမရှိဘူးဖြစ်နေတယ်လို့ ရှုမြင်တယ်ဆိုရင် ဘက်ပြောင်းထောက်ခံဖို့ တွန့်ဆုတ်နေတတ်တယ်လို့ ဆိုပါတယ်။ လှုပ်ရှားမှုဟာ အလိုအလျောက်သဘော ဗဟိုဟန်ချက်လုံးဝမရှိတဲ့သဘောဆောင်နေရင် အခြေအနေသစ်မှာ သူ ဘယ်အင်အားစုနဲ့ညှိပြီး တွဲလုပ်ရမှာလည်းဆိုတာကို မရေရာတဲ့အတွက် လူထုလှုပ်ရှားမှုဘက် ဘက်ပြောင်းထောက်ခံဖို့ ခက်သွားတတ်တယ်လို့ တွေ့ရှိချက်က ထောက်ပြပါတယ်။

**အကြောင်းချက်သုံးရပ်**

(၁) လူထုလှုပ်ရှားမှု၏ အင်အားကြီးမားသော အရွယ်အစားပမာဏ (ဥပမာ - ဆန္ဒပြသူ လူတသန်းအထက်ရှိခြင်း)နှင့် တိုက်ပွဲပုံစံမျိုးစုံဖြင့် ဖြန့်ခွဲလှုပ်ရှားနိုင်မှု၊
(၂) လုံခြုံရေးတပ်ဖွဲ့ဝင်များဖြစ်စေ၊ ဖိနှိပ်သူ ခေါင်းဆောင်မှုအတွင်းမှဖြစ်စေ၊ အရပ်သား အုပ်ချုပ်ရေးယန္တရားမှဖြစ်စေ လူထုလှုပ်ရှားမှုဘက်သို့ ဘက်ပြောင်းလာမှု၊
(၃) ဖိနှိပ်သောအစိုးရကို နိုင်ငံရေး၊ စီးပွားရေး၊ သံတမန်ရေးနှင့် စစ်ရေးအရ ကျောထောက်နောက်ခံ ပေးထားသည့် အင်အားကြီးနိုင်ငံက ထောက်ခံခြင်း ရပ်ဆိုင်းပစ်မှု။

## အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၁)

ဖိနှိပ်ဖြိုခွဲမှု၏ ကိုယ့်ရှူးကိုယ်ပတ်တတ်သော သဘောတရား

### ■ မြန်မာနိုင်ငံနှင့် ဆီလျော်သလား

ဒီသုတေသနဟာ လက်ရှိမြန်မာ့အခြေနေနဲ့ အလွန်ဆီလျော်လှပါတယ်။ မြန်မာ့ ၂၀၂၁ လူထုအုံကြွမှုမှာ လူထု ပါဝင်မှုအင်အားဟာ သန်းနဲ့ချီရှိသလို တိုက်ပွဲပုံစံမှာလည်း စုံလင်ပါတယ်။ ဥပမာ - သံပုံးတီးတာကနေ လမ်းပေါ်ထွက် ဆန္ဒပြတာအဆုံးပါပဲ။ ဒါပေမဲ့ နည်းနာတွေကို ဒီထက်ပိုဖြန့်ခွဲနိုင်မယ်ဆိုရင် ပိုထိရောက်ဖွယ်ရှိပါတယ်။ နိုင်ငံတကာမီဒီယာနဲ့ အထူးသဖြင့် ပြည်တွင်း Facebook လူမှုကွန်ရက်ကနေ အချိန်နဲ့တပြေးတည်း ဖော်ထုတ်တင်ပြနေတာတွေကလည်း စစ်အာဏာသိမ်းအစိုးရကို ကျောထောက်နောက်ခံပြုနေတဲ့ တရုတ်လို အစိုးရမျိုးကစလို့ ပြည်တွင်းမှာလူထုလှုပ်ရှားမှုဘက်ပူးပေါင်းဖို့ တွန့်ဆုတ်နေသူတွေအတွက် ကြီးစွာသောဖိအား ဖြစ်စေပါတယ်။ မြန်မာ့လူထုလှုပ်ရှားမှုမှာ ဗဟိုချက်ကျတဲ့ နိုင်ငံရေးဦးဆောင်မှု ရှိမရှိကို တရုတ်၊ အာဆီယံ စတဲ့ နိုင်ငံတွေက ဘယ်လိုအကဲဖြတ်မလဲ၊ ပြည်ထောင်စုလွှတ်တော် ကိုယ်စားပြုကော်မတီ (CRPH) နဲ့ အဲဒီနိုင်ငံတွေအကြား ချိတ်ဆက်မှုတွေက ဘယ်လိုဖြစ်နေသလဲ၊ ဘယ်လို ဖြစ်လာမလဲ ဆိုတာကလည်း အရေးပါပါတယ်။

မြန်မာ့လှုပ်ရှားမှုမှာ လုပ်နေတာတခုကတော့ Social punishment လို့ပြောနေကြတဲ့ စစ်အာဏာသိမ်းအစိုးရနဲ့ ပတ်သက်သူတွေ၊ CDM မှာ မပါဝင်သူတွေ စသူတွေကို လူမှုရေးအရ ပြစ်ဒဏ်ခတ် သပိတ်မှောက်တာပါ။ ဒီလိုဆောင်ရွက်ချက်မျိုးတွေဟာ ယခင်ဖြစ်ရပ်တွေမှာ ရှိခဲ့သလား၊ ရှိခဲ့ရင်ရော ထိရောက်သလား၊ ဘေးထွက်ဆိုးကျိုးရောရှိသလား စတဲ့ စစ်ဆေးချက်မျိုးကိုတော့ ဒီသုတေသနမှာ ကိန်းရှင်တခုအဖြစ် ထည့်သွင်းဆွေးနွေးထားတာ မတွေ့ရပါဘူး။ ဒီအချက်ဟာလည်း နောင်သုတေသနတွေအတွက် အရေးပါတဲ့ကိန်းရှင်တခု ဖြစ်နိုင်ပါတယ်။

Erica Chenoweth **ရဲ့သုတေသနမှာ အဓိကအကျဆုံးတွေ့ရှိချက်ကတော့ ဖိနှိပ်ဖြိုခွဲမှုကြောင့် ဖိနှိပ်အုပ်စိုးသူတွေကို ပြန်ပြီးကိုယ်ရှူးကိုယ်ပတ်ဖြစ်စေဖို့ အရေးကြီးဆုံးလိုအပ်ချက်ဟာ လူထုလှုပ်ရှားမှုမှာ ပြည်သူတွေက အရေအတွက်များများ အင်နဲ့အားနဲ့ ပါဝင်ရမယ်၊ နည်းနာကြွယ်ပြီး တိုက်ပွဲပုံစံအမျိုးမျိုးနဲ့ ဖြန့်ခွဲကစားနိုင်ရမယ်ဆိုတာပဲ ဖြစ်ပါတယ်။**

**Further Readings**

Chenoweth, Erica. 2018. "Backfire in Action: Insights from Nonviolent Campaigns from 1946-2006," in Lee Smithey and Lester Kurtz, eds. *The Paradox of Repression and Nonviolent Social Movements.* Syracuse University Press.

Martin, Brian. 2007. Justice Ignited: The Dynamics of Backfire. Lanham, MD: Rowman and Littlefield.